## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 25, 2024 — Volume 79, Number 16

၂၅.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၂၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၄.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၆.၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၉.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၁၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၄၃၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၃၃၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ဆန်တန်ချိန် ၅၀ သို့မဟုတ် စပါးတင်း ၅၀၀၀နှင့် အထက်သိုလှောင်သည့် ဆန်စပါးသိုလှောင်ရုံ ပိုင်ဆိုင်သူများအနေဖြင့် မိမိတို့၏သိုလှောင်ရုံများကို မဖြစ်မနေမှတ်ပုံတင်ဆောင်ရွက်ကြရန် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထပ်မံအသိပေးကြေညာ


၁။ ပြည်တွင်းဆန်စပါးဖူလုံရေး၊ ပြည်ပသို့ စနစ်တကျတင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှုန်ကန်စေရေးနှင့် ဆန်စပါးသိုလှောင်မှု အခြေအနေများကို စနစ်တကျ စာရင်းပြုစုမှတ်ပုံတင်ထားနိုင်ရေး၊ သိုလှောင်ရုံကုန်အပ်လက်မှတ်ကိုအခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို ဖော်ဆောင်နိုင်ရေးတို့ အတွက် ပြည်တွင်း၌လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ဆန်စပါးသိုလှောင်ရုံလုပ်ငန်းများအနေဖြင့် Online Registration စနစ်ဖြင့် Myanmar Rice Online (MyRo)– www.myro.com.mm တွင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်မှစတင်၍ မှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်အထိ Myanmar Rice Online (MyRo)– www.myro.com.mm တွင် မှတ်ပုံတင်ထားသော ကုမ္ပဏီများ၏ သိုလှောင်ရုံ အရေအတွက် ၂၁၃ လုံး၊ တစ်ဦးချင်းလုပ်ငန်းရှင်များ၏ သိုလှောင်ရုံ ၅၁၃ လုံး၊ စုစုပေါင်း သိုလှောင်ရုံ အရေအတွက် ၇၂၆ လုံး မှတ်ပုံတင်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းအလို့ငှာ ဆန်တန်ချိန် ၅၀ သို့မဟုတ် စပါးတင်း ၅၀၀၀ နှင့် အထက် သိုလှောင်သည့် ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူများအနေဖြင့် မိမိတို့၏ သိုလှောင်ရုံများကို Myanmar Rice Online (MyRo)– www.myro.com.mmတွင် မဖြစ်မနေ မှတ်ပုံတင်ဆောင်ရွက်ပေးကြပါရန် ထပ်မံ အသိပေး ကြေညာအပ်ပါသည်။

**Source: စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ရေဘဝဲပိသာချိန် ၇၆,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ရေဘဝဲပိသာချိန် ၇၆,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြတ်က ပြောပြ၍ သိရသည်။ လပွတ္တာမြို့နယ်မှ

ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ရေဘဝဲ ပိဿာချိန် ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလ ၁ ရက်မှ ၃၁ ရက်ထိ ရေဘဝဲပိဿာချိန် ၇၆,၀၀၀ ထိ တင်ပို့ရောင်းချခဲ့သည်။ "လပွတ္တာမြို့နယ်ကနေ ရေဘဝဲအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ပင်လယ်စာရေဘဝဲ ပိဿာချိန် ၇၆,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့လတ်ဆတ်မှုနဲ့ အရွယ်အစားအလေးချိန်အပေါ် မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ ရေဘဝဲတွေကို လတ်တလော ပင်လယ်စာအရောင်းဆိုင်တွေက အဝယ်လိုက်နေတာကြောင့် အခုလိုတင်ပို့မှု များပြားလာတာဖြစ်ပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြတ်ကပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲအသေးလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၁,၅၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၁၉,၅၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများအပြင် အခြားရေထွက်ကုန်များ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ရေလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သည့်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၇-၆-၂၀၂၄ မှ ၂၁-၆-၂၀၂၄) ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည် ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲတစ်တန် ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၄၃၅,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၇၃၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၅၉၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၁၂,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၇,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၁၀,၀၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၃၅ လုံး (တန်ချိန် ၃၂၄၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၀၅ လုံး (တန်ချိန် ၂၅၂၀)ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ရေတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ရေတ်သီး တစ်ပိဿာ ဈေးနှုန်းများမှာ ပန်းရဲရေတ် (သစ်) AC ကျပ် ၅၀၀၀၊ မြားနီ ကျပ် ၄၅၀၀၊ ပန်းတနော်ရှည် ကျပ် ၄၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၁,၅၀၀ နှင့် မြစ်ဝပု ကျပ် ၁၁,၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ရေတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရေတ်ရှည် အိတ်ပေါင်း ၄၀၀၀ (၈၀,၀၀၀ ပိဿာ)နှင့် ရေတ်ပု အိတ်ပေါင်း ၁၂၀၀ (၁၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရေတ်ရှည် အိတ်ပေါင်း ၁၉၀၀ (၃၈,၀၀၀ ပိဿာ) နှင့် ရေတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရေတ်ရှည် အိတ်ပေါင်း ၂၁၀၀ (၄၂,၀၀၀ ပိဿာ) နှင့် ရေတ်ပု အိတ်ပေါင်း ၁၁၀၀ (၁၆,၅၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး တစ်ပိဿာဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၅၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၄၉၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းအသား(သစ်) ကျပ် ၆၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၄၄၀၀၊ ညောင်ဦးဆေးရုယ်(ထန်း) ကျပ် ၅၀၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၆၀၀၊ ရေစကြို ထန်းလျက် (ချော) ကျပ် ၆၀၀၀၊ ကြံသကာ ကျပ် ၃၃၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၇၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၇-၆-၂၀၂၄ မှ ၂၁-၆-၂၀၂၄) ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ ၊ ကြက်သွန်ဖြူ နှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၃၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၂၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၇၀၀၊ မုံရွာသစ်ရှယ် ကျပ် ၂၁၀၀၊ မုံရွာလတ်ကြီး ကျပ် ၂၀၅၀၊ မုံရွာလတ်သန့် ကျပ် ၂၀၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၆၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး မုံရွာလတ်ကြီး ကျပ် ၅၀ နှင့် မုံရွာလတ်သန့် ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့သည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၉၆ စီး (၅၇၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၁၅ စီး (၆၉၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၉ စီး (၁၁၄,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ တစ်ပိဿာဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၀,၃၀၀၊ အောင်ပန်းထူး-၂ ကျပ် ၉၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၀,၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၀,၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၁၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၃၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၅၆၀၀ (၁၆၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၄၉၀၀ (၁၄၇,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၇၀၀ (၂၁,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှ အာလူးများ ဝင်ရောက်လျက်ရှိရာ အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ တရုတ် A1 ကျပ် ၁၉၀၀ ၊ တရုတ် OK ကျပ် ၂၅၅၀ ၊ တရုတ် S1 ကျပ် ၂၅၅၀၊ တရုတ် S2 ကျပ် ၂၃၀၀ ဈေးနှုန်းအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်းအာလူးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားအစီးရေ ၅၀ စီး (၃၀၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၄၀စီး (၂၄၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁၀ စီး (၆၀,၀၀၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရုရှားနှင့်ဗီယက်နမ်ကြား ကုန်သွယ်မှုပမာဏ၏ ထက်ဝက်ကျော်သည် နိုင်ငံသုံးငွေကြေးများဖြင့် ငွေပေးချေလျက်ရှိ

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်က ၂၀၂၄ ခုနှစ် ပထမသုံးလပတ်တွင် ရုရှားနှင့်ဗီယက်နမ်ကြား ကုန်သွယ်မှုပမာဏ၏ ၆၀ ရာခိုင်နှုန်းနီးပါးကို နိုင်ငံသုံးငွေကြေးများဖြစ်သည့် ရူဘယ်နှင့်ဗီယက်နမ်ဒေါင်ငွေဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသည် နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ကျယ်ကျယ်ပြန့်ပြန့်အသိအမှတ်ပြုထားသည့် ငွေကြေးများ

အသုံးပြုမှုကို တဖြည်းဖြည်းဖယ်ရှားရန် ကမ္ဘာ့လမ်းကြောင်းနှင့်လိုက်လျောညီထွေဖြစ်စေကြောင်း ၎င်း၏ဗီယက်နမ်ခရီးစဉ်အတွင်းတွင် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရုရှားဈေးကွက်တွင် ပိုမိုတက်ကြွစွာလုပ်ကိုင်လာကြရန်နှင့် လုပ်ငန်းများအတွက် ရုရှားဈေးကွက်က ပေးထားသည့်အခွင့်အလမ်းများကို ပိုမိုအသုံးပြုနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ မော်စကို၊ Kaluga ဒေသနှင့် အရှေ့ဖျားဒေသရှိ Primorye နယ်မြေတို့တွင် နို့ထုတ်လုပ်သည့်စက်ရုံများ တည်ဆောက်နေသည့် ဗီယက်နမ်ကုမ္ပဏီ TH Group သည် ဥပမာတစ်ခုဖြစ်ကြောင်းလည်း သမ္မတမှပြောကြားခဲ့သည်။

ရုရှားနှင့် ဗီယက်နမ်ကြား နိုင်ငံသုံးငွေကြေးများဖြစ်သည့် ရုရှားရူဘယ်နှင့် ဗီယက်နမ်ဒေါင်များဖြင့် ငွေပေးချေမှုများတွင် ၂၀၂၃ ခုနှစ်၌ ကုန်သွယ်မှုပမာဏ၏ ၄၀ ရာခိုင်နှုန်းကျော်ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ် ပထမသုံးလပတ်တွင် ၆၀ ရာခိုင်နှုန်းနီးပါး တိုးတက်ခဲ့ကြောင်း သိရသည်။

**Source :** https://ria.ru/20240619/torgovlya-1954076288.html

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/

## တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုမြှင့်တင်ရန်အတွက် ထိုင်းနိုင်ငံတောင်ပိုင်းတွင် ကျင်းပသည့် ဒူးရင်းသီးပွဲတော်



ထိုင်းနိုင်ငံတောင်ပိုင်း ဒူးရင်းသီးအထွက်နှုန်းမြှင့်တင်ရန်နှင့် တရုတ်ဈေးကွက်သို့ သစ်သီးများပိုမိုဝင်ရောက်လာစေရန် ရည်ရွယ်ချက်ဖြင့် ထိုင်းနိုင်ငံတောင်ပိုင်းရှိ အရေးကြီးသော ဒူးရင်းသီးစိုက်ပျိုးရာဒေသဖြစ်သည့် Chumphon ပြည်နယ်၌ ဒူးရင်းပွဲတော်ကို ဇွန်လ ၁၅ ရက်(စနေနေ့) က ကျင်းပခဲ့သည်။

Songkhla Wu Dongimei မြို့ရှိ တရုတ်ကောင်စစ်ဝန်ချုပ်၊ တရုတ်ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီများနှင့် SF Express ကဲ့သို့သော တရုတ်နိုင်ငံမှ သစ်သီးရောင်းဝယ်ရေးလုပ်ငန်းတချို့ကို အဆိုပါ အခမ်းအနားသို့ ဖိတ်ကြားခဲ့သည်။

အခမ်းအနားတွင် Chumphon ပြည်နယ်အုပ်ချုပ်ရေးမှူး Wisah Podsiriral သည် ၂၀၂၄ Chumphon ဒူးရင်းရိတ်သိမ်း ရာသီစတင်ခြင်း အထိမ်းအမှတ်အဖြစ် ဒူးရင်းသီးတစ်လုံးအား ဓားဖြင့်လှီးဖြတ်ခဲ့သည်။

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဒူးရင်းသီးစိုက်ပျိုးဧရိယာ အများဆုံးရှိသော Chumphon ပြည်နယ်သည် ဒေသတွင်းဒူးရင်းထွက်ရှိမှု၏ ထက်ဝက်ခန့်ကို ထုတ်လုပ်ပေးလျက်ရှိပြီး အသီးရာသီသည် ဇွန်လမှဒီဇင်ဘာလအထိ ဖြစ်သည်။

လွန်ခဲ့သည့် ငါးနှစ်အတွင်း Chumphon ပြည်နယ်တွင် ဒူးရင်းစိုက်ဧရိယာသည် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ၁၇ ဒသမ ၃၈ ရာခိုင်နှုန်း တိုးလာကြောင်း ပြည်နယ်စိုက်ပျိုးရေးတိုးချဲ့ရုံးမှသိရသည်။

၂၀၂၄ ခုနှစ်တွင် ပြည်နယ်အတွင်း ဒူးရင်းတန်ချိန် ၂၅၀,၀၀၀ ကျော်ထွက်ရှိပြီး ဘတ် ၃၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၈၉၉ ဒသမ ၄သန်း) ရရှိနိုင်မည်ဟု မျှော်မှန်းထားကြသည်။

ဒူးရင်းစိုက်ပျိုးဧရိယာတိုးချဲ့မှုသည် အဓိကအားဖြင့် ကုန်သွယ်ဖက်နိုင်ငံများမှ ဒူးရင်းသီးဝယ်လိုအား တိုးလာခြင်းရှိ/မရှိ ပေါ်တွင်မူတည်သည်။ တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံ၏အကြီးဆုံး ဒူးရင်းကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး Chumphon ပြည်နယ်၏ ဒူးရင်းသီး ၇၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့နေကြောင်း Wisah က ပြောသည်။

“အနာဂတ်မှာ ဒူးရင်းသီးတွေရဲ့ အရည်အသွေးကိုမြှင့်တင်ပြီး တရုတ်စားသုံးသူတွေအကြား ရေပန်းစားသော ထိုင်းဒူးရင်းအဖြစ် ဆက်လက်ရပ်တည်သွားမှာပါ” ဟု Wisah က ပြောကြားခဲ့သည်။

Chumphon ပြည်နယ်ကဲ့သို့ ထိုင်းနိုင်ငံတောင်ပိုင်းသည် စိုက်ပျိုးရေးအရင်းအမြစ်များ ပေါကြွယ်ဝပြီး ယင်းဒေသမှထွက်ရှိသော ဒူးရင်းသီးသည် ၎င်း၏အရသာနှင့် အရည်အသွေးကောင်းမွန်သောကြောင့် တရုတ်ဈေးကွက်တွင် အလွန်ရေပန်းစား

ကြောင်းသိရသည်။ တရုတ်နှင့်ထိုင်းနိုင်ငံတို့သည် စီးပွားရေးနှင့်ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစွာ လုပ်ဆောင်နိုင်ပြီး ကုန်သွယ်မှုအားကောင်းလာကာ နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**Source: Xinhua**

**DOCA(ရန်ကုန်)**

## အင်ဒိုနီးရှားနိုင်ငံအား ပို့ကုန်များထုတ်လုပ်ရာ အချက်အခြာနေရာအဖြစ်ပြုလုပ်ရန် တရုတ်နိုင်ငံသဘောတူ

အင်ဒိုနီးရှားနိုင်ငံ စက်မှုဝန်ကြီး Agus Gumiwang Kartasamita နှင့် တရုတ်နိုင်ငံမှ လျှပ်စစ်ကားထုတ်လုပ်သည့် ကုမ္ပဏီ ၄ ခုဖြစ်သည့် Neta၊ Wuling၊ Chery နှင့် Sokan တို့သည် အင်ဒိုနီးရှားနိုင်ငံအား သဘာဝပတ်ဝန်းကျင်အန္တရာယ်မပြုသည့် လျှပ်စစ်ကားများ ပြည်ပသို့တင်ပို့မည့် စီမံကိန်းအတွက် ထုတ်လုပ်ရာအချက်အခြာနေရာအဖြစ် အသုံးပြုသွားရန် သဘောတူညီမှုရရှိခဲ့ကြပါသည်။ Mr. Kartasasmita က ကုမ္ပဏီသည် ညာမောင်းကားများ အသုံးပြုသည့်နိုင်ငံ ၅၄ နိုင်ငံသို့ တင်ပို့ရန်အတွက် ညာမောင်းလျှပ်စစ်ကားများ ထုတ်လုပ်သည့်နေရာအဖြစ် အင်ဒိုနီးရှားနိုင်ငံကို အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် အင်ဒိုနီးရှားအစိုးရသည် ၂၀၃၀ ပြည့်နှစ်တွင် တစ်နှစ်ကို လျှပ်စစ်ကားအစီးရေ ၆၀၀,၀၀၀ ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့ပါသည်။ အဆိုပါ သဘောတူညီချက်သည် ဝန်ကြီး၏ တရုတ်နိုင်ငံ၊ ပေကျင်းမြို့သို့ ဇွန်လ ၁၂ ရက်နှင့် ၁၃ ရက်တွင် သွားရောက်ခဲ့သည့် အလုပ်သဘောခရီးစဉ်တွင် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mr. Kartasasmita ၏ ပြောကြားချက်အရ Neta ကုမ္ပဏီသည် ၂၀၂၅ ခုနှစ်တွင် ၎င်းတို့၏ ထုတ်လုပ်မှုများ၌ အင်ဒိုနီးရှားပြည်တွင်းမှ ပါဝင်ပတ်သက်မှုကို ၆၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် နှစ်စဉ်ကားအစီးရေ ၁၀၀၀၀ ခန့် ရောင်းချသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

Wuling Automobile ကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံတွင် လျှပ်စစ်ကားထုတ်လုပ်မှုပမာဏကို တိုးမြှင့်သွားမည်ဖြစ်ပြီး အင်ဒိုနီးရှား နိုင်ငံ၏ လျှပ်စစ်ကားနယ်ပယ်သည် အာဆီယံနှင့်ကမ္ဘာအတွက် ထုတ်လုပ်ရာနေရာဖြစ်လာရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

Chery Automobile ကုမ္ပဏီသည် တရုတ်နိုင်ငံတွင် လူကြိုက်များလျက်ရှိသည့် plug-in hybrid လျှပ်စစ်ကားများ (PHEV)အား အင်ဒိုနီးရှားတွင် ထုတ်လုပ်ရန် သုတေသနပြုလုပ်လျက်ရှိပြီး အဆိုပါကားများတွင်အသုံးပြုသည့် စွမ်းအင်လောင်ကျွမ်းမှုသည် hybrid လျှပ်စစ်ကား (HEV)များထက် ပိုမိုတွက်ခြေကိုက်သောကြောင့်ဖြစ်သည်ဟု သိရပါသည်။ ထို့ပြင် Chery ကုမ္ပဏီသည် ၂၀၃၀ ပြည့်နှစ်တွင် စုစုပေါင်း လျှပ်စစ်ကားအစီးရေ ၁၀၀,၀၀၀ အထိ ထုတ်လုပ်ရန် ကတိပြုထားကြောင်း သိရသည်။

Sokon ကုမ္ပဏီသည် လျှပ်စစ်ကားအမျိုးအစားပေါင်းစုံကို အင်ဒိုနီးရှားနိုင်ငံသို့ သယ်ဆောင်လာပြီး လျှပ်စစ်ကားဂေဟစနစ်ကို ပံ့ပိုးပေးရန် မျှော်လင့်လျက်ရှိကြောင်း သိရပါသည်။ အဆိုပါကုမ္ပဏီသည် တစ်နှစ်လျှင် အစီးရေ ၅၀,၀၀၀ အထက် ထုတ်လုပ်နိုင်စွမ်းရှိသည်ဟု အင်ဒိုနီးရှားအစိုးရက ယူဆလျက်ရှိကြောင်း သိရသည်။

Mr. Kartasasmita က တရုတ်မှ လျှပ်စစ်ကားကုမ္ပဏီ ၄ ခုသည် ရင်းနှီးမြှုပ်နှံမှုပြုရန်အတွက် အင်ဒိုနီးရှားအစိုးရ၏ ဆွဲဆောင်မက်လုံးပေးမှုအများစုကို ရရှိခဲ့ကြောင်း ပြောကြားခဲ့သည်ဟုသိရသည်။

**Source: Anrtara News**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

# STOCK EXCHANGE (25.6.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 24th Jun. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,746 (Shares) | 43,436,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | -100 | -1.10% | 9,000 | 9,000 | 9,000 | 1,108 | 9,972,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,250 | -50 | -1.52% | 3,300 | 3,400 | 3,250 | 5,653 | 19,108,800 | 38,929,150 | 126,520 |
| MCB | 00003 | 8,400 | +100 | +1.20% | 8,400 | 8,400 | 8,400 | 15 | 126,000 | 10,400,986 | 87,368 |
| FPB | 00004 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,700 | 1,571 | 2,680,800 | 29,664,613 | 51,913 |
| TMH | 00005 | 3,000 | +100 | +3.45% | 2,900 | 3,000 | 2,900 | 113 | 328,700 | 12,823,224 | 38,470 |
| EFR | 00006 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,900 | 2,294 | 4,412,300 | 19,977,223 | 38,956 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 100 | 500,000 | 10,497,598 | 52,488 |
| MAEX | 00008 | 3,300 | -50 | -1.49% | 3,350 | 3,350 | 3,300 | 1,892 | 6,307,750 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 24th Jun. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 409.43 | -1.40 | -0.34% | 412.17 | 414.28 | 409.43 | 12,746 | 43,436,350 | 8 | 772,258 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 24th Jun. 2024

| Trading Volume | Trading Value |
|---|---|
| 12,746 (Shares) | 43,436,350 (MMK) |

### Main Board

As of 1:00 pm, 24th Jun. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,746 (Shares) | 43,436,350 (MMK) |

| MYANPIX | 409.43 ▼ 1.40 |
|---|---|
| Total Volume (shares) | 12,746 |
| Total Value (MMK) | 43 mil |
| Listed Company | 8 |
| Market Cap. (MMK) | 772,258 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▼ 100 |
| MTSH | 00002 | 3,250 | ▼ 50 |
| MCB | 00003 | 8,400 | ▲ 100 |
| FPB | 00004 | 1,750 | ▲ 50 |
| TMH | 00005 | 3,000 | ▲ 100 |
| EFR | 00006 | 1,950 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 3,300 | ▼ 50 |